ပဒိုင်းချောင်းကျေးရွာ

ထားဝယ်မြို့နယ်၊ တားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပဒိုင်းချောင်းကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပဒိုင်းချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၇ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| ၆။ | **ပညာရေး** | ၈ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၂ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၃ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၈ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၂ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


**ဒီဇင်ဘာလ၊ ၂၀၁၇**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ပဒိုင်းချောင်းကျေးရွာ**

**ထားဝယ်မြို့နယ်**

ပဒိုင်းချောင်းကျေးရွာ ကျေးရွာ သယ်ဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပဒိုင်းချောင်းကျေးရွာ၏ အရှေ့ဘက်တွက် မောင်မယ်ရှောင်ကျေးရွာ၊နောက်ဘက်တွင် ပခပ်အင်းကျေးရွာအုပ်စု တောင်ဘက်တွင် ခေါင်တိုင်ပြင်ကျေးရွာအုပ်စုနှင့် မြောက်ဘက်တွင် သပြေချောင်းကျေးရွာအုပ်စုတို့နှင့် ထိစပ်လျက်ရှိပါသည်။ ကျေးရွာသည် တောင်တန်းဒေသဖြစ်၍ မြေပြန့်နည်းပါးသည်။ ကျေးရွာသည် ပင်လယ်ရေ မျက်နှာပြင် အထက် (၁၀၀) ပေအထက်တွင် တည်ရှိပါသည်။ ထားဝယ်မမြို့မှ (၁၁)မိုင်ကွာဝေးပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပဒိုင်းချောင်းကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၄၀) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၃) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ကျေးရွာ၏ အမြင့်ဆုံးမိုးရေချိန်မှာ (၈၀၀နှင့်၁၀၀) လက်မဖြစ်ပြီး၊ နွေရာသီတွင် မြောင်းပြုကျေးရွာတွင် သဘာဝအလျောက် ပေါက်ရောက်သည့် သဘာဝ ပေါက်ပင်များမှာ ကညင်ပင်၊ တောင်သရက်ပင်၊ သစ်ခါပင်၊ သက်ိန်းပင်တို့ ဖြစ်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောဝက်၊ ဆတ်၊ မျောက်နှင့် ငှက်အမျိုးမျိုး တို့ရှိပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပဒိုင်းချောင်းကျေးရွာတွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်မိရပ်ဖအဖွဲ့၊ ဂေါပကအဖွဲ့၊ သာသနာ့ညီနောင်ပရဟိတအသင်းနှင့် မိဘဆရာအသင်း စသည့် အဖွဲ့အစည်းများသည် ရပ်ရွာအကျိုးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက် ပေးနေ သည်ကို တွေ့ရှိရပါသည်။

ပဒိုင်းချောင်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော **World vision** အဖွဲ့မှ ကျန်းမာရေးနှင့် ဆေးဝါးများ ထောက်ပံ့ပေးသည်ကို တွေ့ရှိရပါသည်။

## ၄။ စိုက်ပျိုးရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပဒိုင်းချောင်းကျေးရွာတွင် မြေယာပိုင်ဆိုင်မှုရှိသော အိမ်ထောင်စု (၉၃) ရာခိုင်နှုန်းခန့်ရှိပါသည်။ မြေယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုများသည် ကြံုရာကျပန်း အလုပ်များကိုသာ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။ ပဒိုင်းချောင်းကျေးရွာတွင် စိုက်ပျိုးရေးအတွက် မိုးရေနှင့် ချောင်းရေကိုသာ အသုံးပြုနေကြရပါသည်။

အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးနှင့် ရော်ဘာဖြစ်သည်။ မိရိုးဖလာစိုက်ပျိုးနည်းကိုသာ ကျင့်သုံးစိုက်ပျိုးကြသဖြင့် အထွက်နှုန်း နည်းပါးသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူ နည်းပါးပါသည်။ အခြားစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြသဖြင့် ရေစုပ်စက် (၁၀)လုံး၊ မြက်ရိတ်စက် (၃၀)လုံးသာ ရှိသည်ကို

တွေ့ရှိရပါသည်။

စိုက်ပျိုးရေးအတွက် မြေဆီဩဇာများ အသင့်အတင့်ကောင်းမွန်ပါသည်။ ရေအရင်းအမြစ်၊ သွင်းအားစုစျေးကွက်၊ ထုတ်လုပ်မှုစျေးကွက်နှင့် ကုန်သွယ်မှုများလည်း လက်လှမ်းမီမှုရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ ငွေကြေးအရင်းအနှီးရရှိနိုင်မှုမရှိခြင်း၊ လုပ်သားအင်အားရှားပါးခြင်း၊ ဖျက်ပိုးနှင့်ရောဂါ ထိန်းချုပ် နိုင်သော နည်းပညာများမရှိခြင်းတို့သည် သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခက်အခဲများဖြစ်သည်ကို တွေ့ရှိရပါသည်။

## (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

ပဒိုင်းချောင်းကျေးရွာတွင် ကျွဲ၊ ဝက်နှင့် ကြက်စသည့် ဒေသမျိုးများကိုသာ တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်သော အိမ်ထောင်စုမရှိသည်ကို တွေ့ရှိရပါသည်။

မွေးမြူရေးလုပ်ငန်းတွင် မျိုးတိရစ္ဆာန်များ လက်လှမ်းမီမှုရှိခြင်း၊ မြို့နှင့် အလှမ်းမဝေးသဖြင့် သွင်းအားစုစျေးကွက်၊ ဝန်ဆောင်မှုစျေးကွက်၊ ထုတ်ကုန်ရောင်းဝယ်မှုများအတွက် လက်လှမ်းမီမှုရှိသည်ကို တွေ့ရှိရပါသည်။

မွေးမြူရေးအတွက် ချေးငွေလိုအပ်ခြင်း၊ နည်းပညာအကူအညီနှင့် နည်းလမ်းများမရရှိခြင်း၊ လေလံ/လိုင်စင်များ လက်လှမ်းမီမှုမရှိခြင်းစသည့် အခက်အခဲများရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပဒိုင်းချောင်းကျေးရွာသည် အုပ်စုကျေးရွာဖြစ်သော မောင်မယ်ရှောင်ကျေးရွာနှင့် အလှမ်းမဝေးခြင်း၊ ထားဝယ်မြို့နှင့်လည်း သိပ်မဝေးလှခြင်း၊ ဒေသထွက်သီးနှံများဖြစ်သော ကွမ်းသီးနှင့် ရာဘာများ ရောင်းဝယ်နိုင်ခြင်းစသည့် အခွင့်အလမ်းများရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်အကိုင်ပုံမှန်မရှိခြင်း၊ အသက်မွေးဝမ်းကြောင်း အတတ်ပညာတတ်မြောက်မှုအားနည်းခြင်းစသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ထိုကြောင့် အသက်မွေးဝမ်းကြောင်းသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မည်သည့်ငွေကြေးဝန်ဆောင်မှုမှ မရရှိပါ။ ငွေတိုးချေးပေးသူထံမှ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူနေကြရပါသည်။ ထို့ကြောင့် ငွေကြေးဝန်ဆောင်မှုပေးနိုင်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်အကူအညီ တောင်းခံလိုသည်ကို တွေ့ရှိရပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး(၄)စီး၊ မော်တော်ဆိုင်ကယ် (၃၁)စီးနှင့် သုံးဘီး ဆိုင်ကယ် (၂)စီးရှိသည်ကို တွေ့ရှိရပါသည်။

ပဒိုင်းချောင်းကျေးရွာတွင် (၆)ဖာလုံခန့်ရှိသော ရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်သည့်အတွက် တစ်နှစ်ပတ်လုံး အသုံးပြု၍ရသော်လည်း သွားလာရသည်မှာ အဆင်မပြေ လှပါ။ ရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်သောကြောင့် တစ်ဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ပေးစေလိုသည်ကို တွေ့ရှိရပါသည်။

တံတားများမှာ ကောင်းမွန်လှသည် ဟုဆိုနိုင်သော်လည်း ပြုပြင်ရန်လိုအပ် နေသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေးမရှိပါ။

### (ခ) ကျေးရွာ မီးလင်းရေး

ပဒိုင်းချောင်းကျေးရွာတွင် ဆိုလာသုံးစွဲသောအိမ်ထောင်စု (၅)စု၊ ဒီဇယ်သုံး အင်ဂျင် (၁၁) စု၊ ဇီဝလောင်စာသုံးစွဲသော အိမ်ထောင်စု (၈)စုနှင့် ဖယောင်းတိုင် သုံးစွဲသော အိမ်ထောင်စု (၃)စုရှိသည်ကိုတွေ့ရှိရပါသည်။ အိမ်ထောင်စုများအားလုံး လျှပ်စစ်မီးသုံးစွဲ နိုင်ရန် တစ်အိမ်သုံးဆိုလာများ ချထားပေးစေချင်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးကဏ္ဍတွင် ကြိုးဖုန်းဖြင့်သာ ဆက်သွယ်အသုံးပြုနိုင်ကြသည်ကို တွေ့ရှိရပြီး လက်ကိုင်ဖုန်းများမှာ လိုင်းမိသောနေရာတွင်သာ ဆက်သွယ်အသုံးပြုနိုင် ပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ပညာတတ်မြောက်မှုမှာ ၉၇ရာခိုင်နှုန်းခန့်ရှိပြီး အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူများလည်း နည်းပါးသည်ကို တွေ့ရှိရပါသည်။

မူလတန်းအခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် မူလတန်းကျောင်း မနေဖူးသူ ဦးရေမရှိပါ။ လက်ရှိမူလတန်းတက်ရောက်နေသူဦးရေ မှာမူလတန်းအရွယ် (၅-၉)နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းပိုနေရခြင်းမှာ မူလတန်းတက်ရောက်နေသူ အချို့မှာ (၉)နှစ်ထက် အသက်ကြီး နေသောကြောင့်ဖြစ်သည်။

မူလတန်းကျောင်းတွင် ကျောင်းဆောင်တစ်ဆောင်ရှိပြီး ကျောင်းသုံးပရိဘောဂ များ လုံလောက်မှုမရှိပါ။ အာဟာရတိုက်ကျွေးမှုအနေဖြင့် တစ်လလျှင်နှစ်ကြိမ်မျှ တိုက်ကျွေး

မှုရှိပြီး ကျောင်းဆရာ/မ (၅)ဦးရှိသည်ကို တွေ့ရှိရပါသည်။

ကျောင်းဆရာ/မများလုံလောက်မှုရှိပြီး ကျောင်းစာအုပ်များမှာလည်း ကျောင်းအပ်နှံသည့်နေ့တွင် ပညာရေးဦးစီးဌာနမှ ထောက်ပံ့ပေးမှုများရှိပါသည်။ ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများနှင့်လည်း လက်လှမ်းမီမှုမရှိပါ။ မူလတန်း အဆင့်ထိသာရှိသည့်အတွက် အလယ်တန်းနှင့် အထက်တန်း ပညာရေးကို တခြားရွာတွင် သွားရောက်သင်ယူရန် အတွက်လည်း အခက်အခဲများရှိသည်ကို တွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပဒိုင်းချောင်းကျေးရွာတွင် အဓိကဖြစ်ပွားလေ့ရှိသော ရောဂါများမှာ ဆီးချိုနှင့် သွေးတိုးရောဂါများဖြစ်ပြီး အခြားရောဂါများ ထွေထွေထူးထူးဖြစ်ပွားလေ့ မရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း အနီးအနား ကျေးရွာရှိ ကျန်းမာရေးဝန်ထမ်းများမှ စီမံချက်ရှိသည့် အချိန်များတွင် ကာကွယ်ဆေး များလာရောက် ထိုးနှံပေးလိမ့်ရှိသည်ကို တွေ့ရှိရပါသည်။

ပဒိုင်းချောင်းကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ သာမန်ဖျားနာသော ကိစ္စရပ်များအတွက် (၁)မိုင်ကွာဝေးသော ကင်းကုန်းကျေးရွာတွင် သွားရောက်ကုသကြရပါသည်။ အရေးပေါ်ကိစ္စရပ်များကြုံတွေ့ပါက (၁၂)မိုင်ကွာဝေးသော ထားဝယ်မြို့နယ် ဆေးရုံသို့ သွားရောက်ကြရပါသည်။ သာမန်လိုအပ်သော ဆေးဝါးများဝယ်ယူရန်အတွက်မူ (၅)မိုင် ကွာဝေးသော မောင်မယ်ရှောင်ကျေးရွာတွင် သွားရောက်ဝယ်ယူကြရသည်ကို တွေ့ရှိရပါသည်။

ကျေးရွာရှိအိမ်ထောင်စုများသည် ရေတွင်းရေကိုသာ အဓိကထား သုံးစွဲကြပြီး ချောင်းရေကို တစ်ခါတစ်ရံ အသုံးပြုကြပါသည်။ နွေရာသီတွင် ရေရှားပါးလေ့ရှိပါသည်။

ယင်လုံအိမ်သာ သုံးစွဲသောအိမ်ထောင်စု (၁၉)စုရှိပြီး ကျင်းအိမ်သာသုံးစွဲသော အိမ်ထောင်စု (၅)စုနှင့် တောထိုင်အသုံးပြုသော အိမ်ထောင်စု (၃)စုရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ဖြဂန္ဓစ်နှင့်အထက် ကျား၊ မစုစုပေါင်း (၃၁)ယောက်၊ မသန်စွမ်းသည့် ပုဂ္ဂိုလ် (၃)ဦး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၅)ဦး၊ မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၈)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင် နေသော ဆင်းရဲသည့် အိမ်ထောင်စု (၂)စု ရှိပါသည်။

အလုပ်အကိုင်ရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်များ ရှားပါးလာခြင်း၊ အအေးလွန်ကဲခြင်းနှင့် မီးဘေးစသည့် ထိခိုက်လွယ်မှုများ ကြုံတွေ့ရသည်ကို တွေ့ရှိရပါသည်။

ရာသီဥတုဖောက်ပြန်ခြင်း၊ သစ်ပင်သစ်တောထိန်းသိမ်းမှု မရှိခြင်း၊ ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်ရန် နည်းပညာမသိခြင်း၊ ချောင်းမြောင်းများ တိမ်ကောလာခြင်းကြောင့် ငါးမျိုးကွဲများရှားပါးလာခြင်း၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲမှုများ လိုအပ်နေသေးခြင်း စသည့် အခက်အခဲများ ရှိသည်ကို တွေ့ရှိရပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပဒိုင်းချောင်းကျေးရွာ၏ အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုရှိသော်လည်း အားနည်းပါသည်။ သို့သော်လည်း ကျေးရွာ၏ သာရေးနာရေးကိစ္စရပ်များတွင် အားတက်သရော ပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်ရှိမှု အားနည်းနေသေးပြီး ဟောပြောဆွေးနွေးပွဲများ ပြုလုပ်ပေးစေလိုပါသည်။

လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင်သာ နေ့စားလုပ်ကိုင်သူများရှိကြပြီး လုပ်အားခနှုန်းထားများမှာ ကျား၊ မကွာခြားမှုရှိသည်ကို တွေ့ရှိရ ပါသည်။

ပဒိုင်းချောင်းကျေးရွာတွင် အိမ်ထောင်စု (၂၇) စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၄၄) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃၃) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၅.၂၈% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၄.၇၂% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃၃) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင် လျှင်(၅) ဦးနှုန်းရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြား မှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

ကျေးရွာ၏ ပညာတတ်မြောက်မှုမှာ ၉၇ရာခိုင်နှုန်းခန့်ရှိပြီး အလယ်တန်း၊ အထက် တန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူများ နည်းပါးသည်ကို တွေ့ရှိရပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -မောင်မယ်ရှောင် | | | ကျေးရွာအမည် - ပဒိုင်းချောင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | မွေးမြူရေးနှင့်ငါးလုပ်ငန်း<br>မွေးမြူရေးဆေးပညာ | နည်းပညာ | မွေးမြူရေးနှင့်ရောဂါကာကွယ်ရေးနည်းပညာပေးသင်တန်းများဖွင့်ခြင်း | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာ ပေးသင်တန်းများဖွင့်လှစ်ခြင်း မျိုးကောင်းမျိုးသန့်များ<br>ရရှိအောင်ဆောင်ရွက်ခြင်း | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | လမ်းအဆင့်မြင့်တင်ခြင်းနှင့်လမ်းဘေးဝဲယာရေမြောင်းတူးဖော်ခြင်း။ | |
| ၄ | ကျန်းမာရေး | သားဖွားဆရာမ၊ကျေးလက် | ကျန်းမာရေးဝန်ထမ်းများလုံလောက်မှုရရှိရန်ဆောင်ရွက်ပေးခြင်း။ | |
| ၅ | လျှပ်စစ် | မဟာဓါတ်အားလိုင်း | ရွာလုံးကျွတ်လျှပ်စစ်မီးသုံးစွဲနိုင်အောင်ဆောင်ရွက်ခြင်း | |
| ၆ | ငွေကြေး | အသေးစား | စိုက်ပျိုးရေး ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း | |
| ၇ | ငွေကြေး | အသေးစား | မွေးမြူရေးနှင့် စိုက်မွေးမဟုတ်သော ကဏ္ဍများအတွက်<br>အသေးစားချေးငွေများ ထုတ်ချေးခြင်း | |
| ၈ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်းများပြုပြင်ခြင်း၊ အားကစားသင်တန်းများပေးခြင်း၊<br>အားကစားပစ္စည်း များပံ့ပိုးပေးခြင်း | |

နောက်ဆက်တွဲ (၁)

## ပဒိုင်းချောင်းကျေးရွာ၊ မောင်မယ်ရှောင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစံလွင် | ဦးတင်သား | ဖ/ထဝန (နိုင်) ၀၅၅၁၅၁ | ဖ၀ | ဥက္ကဋ္ဌ | ၀၉ ၇၈၁၈၁၀၉၄ |
| ၂ | ဒေါ်သန်းအောင် | ဦးလှရှိ | ဖ/ထဝန (နိုင်) ၀၅၄၅၅၃ | ဖ၃ | အတွင်းရေးမှူး | |
| ၃ | ဦးသန်းနိုင် | ဦးစိုးမောင် | ဖ/ထဝန (နိုင်) ၁၃၈၅၈၉ | ၄၀ | ဘဏ္ဍာရေးမှူး | |
| ၄ | ဦးအောင်ကိုလတ် | ဦးသန်းအောင် | ဖ/ထဝန (နိုင်) ၀၀၂၅၁၃ | ၂၃ | စာရင်းကိုင် | |
| ၅ | ဦးအောင်ထွေး | ဦးဖေစီ | ဖ/ထဝန (နိုင်) ၀ဖဖ၅၄၂ | ၂၅ | စာရင်းစစ် | |
| ၆ | ဦးကြည်လင် | ဦးစုသား | ဖ/ထဝန (နိုင်) ၀၅၀၀၀၇ | ၅၀ | အဖွဲ့ဝင် | |
| ၇ | ဦးမျိုးနိုင်ဦး | ဦးညဏ်ရွှေ | ဖ/ထဝန (နိုင်) ၁၁၀၉၂ဖ | ၅၅ | အဖွဲ့ဝင် | |
| ၈ | ဦးစိုးသက်ဦး | ဦးမြင့်ဝေ | ဖ/ထဝန (နိုင်) ၁၃၂၂၈၅ | ၄၀ | အဖွဲ့ဝင် | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

**အထောက်အကူပြု ဇယားများ**

**(၁ကျေးရွာဖွံ့ဖြိုးရေး) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၁ | ၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁ | ၅ | ၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃ | ၇ | ၁၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅ | ၁၀ | ၁၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၂ | ၅၂ | ၉၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၈ | ၁၆ |
| **စုစုပေါင်း** | | **၆၁** | **၈၃** | **၁၄၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၇** | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာတွင် အိမ်ထောင်စု (၂၇) စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၁၄၄) ဦး ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃၃) ဦး ရှိပါသည်။ အသက် (၁၅ နှစ် မှ ၆၄ နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေမှာ ၆၅.၂၈% ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၄) နှစ် အထက် လူဦးရေစုစုပေါင်း ၃၄.၇၂% သည် မှီခိုသူများ ဖြစ်ကြပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅.၃၃) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းရှိပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၃၄ | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | ၅ | မြင့် □ လတ်□ နိမ့် □ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၆ | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၈ | ၁၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၇ | ၄၈ | ၂၃ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ

၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာ၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ ဖြစ်သည်။ အချို့အိမ်ထောင်စုများမှာ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရင်း အသက်မွေးနေကြရပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၅၀၀၀ | | ၄၅၀၀ | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | | ၄၅၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာတွင် လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများတွင်သာ နေ့စားလုပ်ကိုင်သူများရှိကြပြီး လုပ်အားခနှုန်းထားများမှာ ကျား၊ မကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၈၃ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၈၅ | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၁၆၈ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ပဒိုင်းချောင်းကျေးရွာတွင် အဓိကအားဖြင့် ဥယျာဉ်ခြံမြေနှင့် နှစ်ရှည်ပင်များကိုသာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးများမှာလည်း အသင့်အတင့် ကောင်းမွန်ပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား** (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ ☑ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☑ သင့်☑ နည်း ☐ မရှိ ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ

ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များ အနည်းအကျဉ်းသာရှိသည်ကို တွေ့ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၅ | ၁၂ | ၇ | ၃ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာ၏ အခြေအနေထားကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သိရှိရပါသည်။ ဓနဥစ္စာအရ အဆင်ပြေသော အိမ်ထောင်စုမှာ အလွန်နည်းပါးပါသည်။ အများအားဖြင့် ဆင်းရဲနှင့်အလွန်ဆင်းရဲ မိသားစုများသည်ကို တွေ့ရှိရပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၁ | အခြားအစားပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____ ၁_____<br>လုပ်အားခကြိုယူ = _____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂ | အခြားအစားပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____ ၅_____<br>လုပ်အားခကြိုယူ = _____ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစားပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____<br>လုပ်အားခကြိုယူ = _____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာရှိ အဆင့် ၃နှင့် ၄ အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်းခန့်မှာ ၃လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်စားသောက်နိုင်ပြီး၊ ၆၇ ရာခိုင်နှုန်းခန့်မှာ (၃လမှ ၆လ)အထိ ဝမ်းစာဖူလုံမှုရှိပါသည်။ ဝမ်းစာမဖူလုံသည့် လများတွင် ချေးယူခြင်း၊ ဈေးကြွေးယူခြင်းဖြင့် ဝမ်းရေးကို ဖြေရှင်းနေကြရသည်ကို တွေ့ရှိရပါသည်။

### (၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

### ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁၈ | ၁၃ | ၃၁ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၂ | ၃ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၈ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀နှစ်နှင့်အထက် ကျား၊ မစုစုပေါင်း (၃၁)ယောက်၊ မသန်စွမ်းသည့် ပုဂ္ဂိုလ် (၃)ဦး၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၅)ဦး၊ မုဆိုးဖို/တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၈)စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင် လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု (၂)စု ရှိပါသည်။

### (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

### ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ) | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၇ | ငလျင် | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၂ | ဌက်ဖျားရောဂါ | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာတွင် အလုပ်အကိုင်ရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်များ ရှားပါးလာခြင်း၊ အအေးလွန်ကဲခြင်းနှင့် မီးဘေး စသည့် ထိခိုက်လွယ်မှုများ ကြုံတွေ့ရသည်ကို တွေ့ရှိရပါသည်။

**(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၉ | ရွှေပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပဒိုင်းချောင်းကျေးရွာတွင် ဘေးအန္တရာယ်တစ်ခုခုကြုံလာပါက စုပေါင်းဖြေရှင်းတတ်သည့် အလေ့အကျင့်များ ရှိသောကြောင့် ဆိုးဆိုးဝါးဝါးထိခိုက်မှုမရှိပါ။ သို့သော်လည်း ငွေကြေး အရင်းအနှီး မဖူလုံသော ဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | မိခင်နှင့် ကလေး | ၁☐ ၂☑ ၃☐ | | ၄ | ၄ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ၄ | | ၄ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ၇ | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၄ | သာသနာ့ ညီနောင် | ၁☐ ၂☐ ၃☑ | ၁၅ | ၁၀ | ၂၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
